## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် ( ၈ / ၂၀၂၆)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ လူ့အခွင့်အရေး ဖောက်ဖျက်မှုများနှင့်ပတ်သက်၍ တိုင်တန်းချက်များ၊ စွပ်စွဲချက်များကို စိစစ်သုံးသပ်ကာ လိုအပ်သလို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ပါသည်။ ထို့ပြင် တိုင်တန်းချက်၊ စွပ်စွဲချက်များအရဖြစ်စေ သတင်းအချက်အလက်များအရဖြစ်စေ လူ့အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရပါက အဆိုပါ နေရာသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပါသည်။ ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ အရလည်းကောင်း၊ ကော်မရှင်လုပ်ထုံးလုပ်နည်းအပိုဒ် ၄၁၊ ၄၂၊ ၄၃ အရလည်းကောင်း အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ အချုပ်ခန်းများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခြင်း အပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နှစ်စဉ်လုပ်ငန်းစီမံချက် လျာထားရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့လာသည့် တိုင်ကြားစာ ၂၉၅ မှု (မီဒီယာသတင်းအပါအဝင်) အပေါ် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၇ အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၂၁) ကြိမ် ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ရာ တိုင်ကြားစာ ၆၄ မှုကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြံပြုတိုက်တွန်းခြင်း၊ တိုင်ကြားစာ ၃၃ မှုကို တိုင်ကြားသူထံ အကြံပြုပြန်ကြားခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး တိုင်ကြားစာ ၁၉၆ မှုကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲ အမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲ အမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့် မညီညွတ်ခြင်းကြောင့်လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်ခြင်းကြောင့်လည်းကောင်း စနစ်တကျ မှတ်တမ်းထားရှိကာ ကာယကံရှင်၏ သဘောဆန္ဒအရ အမှုပိတ်သိမ်းခြင်း ၂ မှုတို့ ပါဝင်ပါသည်။

၃။ တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ တိုင်ကြားစာ ၆၄ စောင်ပေးပို့ခဲ့ရာ ၎င်းတို့၏ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအနေဖြင့် အပြုသဘောဆောင်သည့် ပြန်ကြားချက် (၃၈) စောင်အား လက်ခံရရှိခဲ့ရာ ရလဒ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်ကြားသူများထံသို့ ကော်မရှင်မှ အကြောင်းပြန်ကြားပေးခဲ့ပါ

သည်။ ကော်မရှင်၏ ရုံးခွဲများဖြစ်သော နေပြည်တော် (ရုံးခွဲ)၊ မန္တလေး (ရုံးခွဲ)၊ စစ်တွေ (ရုံးခွဲ)နှင့် ပုသိမ် (ရုံးခွဲ) များမှလည်း တိုင်တန်းချက်များကို လက်ခံပေးလျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံရနေသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ညီ/မညီ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်း စာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိ တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ဗဟို အကျဉ်းထောင် ၂ ခု၊ အချုပ်ထောင် ၁ ခု၊ အကျဉ်းစခန်း ၄ ခု၊ ရဲစခန်းအချုပ်ခန်း ၇ ခု၊ တရားရုံး အချုပ်ခန်း ၂ ခု၊ လူငယ်သင်တန်းကျောင်း ၃ ခုနှင့် ဘိုးဘွားရိပ်သာ ၃ ခုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အကြံပြုချက် (၇၇) ချက်၊ ဘိုးဘွားရိပ်သာများနှင့် လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၄၄) ချက်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံး အချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၇) ချက် ပေးပို့ဆောင်ရွက်ခဲ့ပါ သည်။ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအား စစ်ဆေးစဉ်အတွင်း တစ်ဦးချင်း လွတ်လပ်စွာ တွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သား စုစုပေါင်း (၉၈) ဦးတို့ကို သီးခြား တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့် အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်း ခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ** [info@mnhrc.org.mm](mailto:info@mnhrc.org.mm) **သို့ဖြစ်စေ** တိုင်ကြားစာများ ပေးပို့နိုင်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် လစဉ်ကြေညာခြင်း၊ ကော်မရှင် website တွင် လည်း ဖော်ပြခြင်းများ ပြုလုပ်လျက်ရှိပါသည်။

၆။ ကော်မရှင်သည် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၇။ တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းများ ခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ကော်မရှင်သို့ တိုင်တန်းစာများ ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်